ရခိုင်အမျိုးသမီးများအစည်းအရုံး
**Rakhaing Women Union (H.Q)**
2/21, Pallabi, Mirpur, Dhaka-1216, Bangladesh
Tel & Fax - 880-2-9013435, E-mail: rwu2002@aitlbd.net

Ref :    Date : ............................

## ကျောင်းသားခေါင်းဆောင်များအား ဖမ်းဆီးမှုအပေါ် ပြင်းထန်စွာ ရှုတ်ချခြင်း

မနေ့က စက်တင်ဘာလ (၂၇)ရက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ဆောက်သည့် နှစ်ပတ်လည်နေ့တွင် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ကိုဌေးကြွယ်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနမှ ဖမ်းဆီးခေါ်ဆောင်သွားကြောင်းသိရပေသည်။

ဤလုပ်ရပ်သည် **UNSC** တွင် မြန်မာနိုင်ငံအရေးဆွေးနွေးရန် တရားဝင်အတည်ပြုချက်တခုရလာပြီးနောက် ပြည်တွင်းဆူပူမှုမဖြစ်ရစေရန် ပုံစံပြလုပ်ဆောင်လိုက်သော နအဖစစ်အာဏာရှင်များ၏ ရက်စက်သောလုပ်ရပ်ပင်ဖြစ်ပေသည်။

ထိုကျောင်းသားခေါင်းဆောင်များသည် ၁၉၈၈ ခုမြန်မာနိုင်ငံဒီမိုကရေစီရေးလှုပ်ရှားမှုတွင် ပြောင်မြောက်စွာပါဝင် ဦးဆောင်ခဲ့ကြသော ကျောင်းသားခေါင်းဆောင်များဖြစ်ကြပြီး ပြည်သူလူထုတရပ်လုံးမှ အားကိုးယုံကြည်နေကြသူများလည်းဖြစ်ပေသည်။ ထိုကျောင်းသားခေါင်းဆောင်များ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင်း လူထုဆူပူအုံကြွမှုဖြစ်လာမည်ကို စိုးရိမ်လွန်းနေသော ဗမာစစ်အာဏာရှင် အစိုးရသည် ကြောက်ဒူးတုန်ကာ ထိုကျောင်းသားခေါင်းဆောင်များကို မတရားသဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခြင်းပင်ဖြစ်ပေသည်။ ဤကျောင်းသားခေါင်းဆောင်များသည် နအဖ၏ မတရားဖမ်းဆီးထားခဲ့မှုကြောင့် ၎င်းတို့၏ဘဝတဝက်ကို အကျဉ်းထောင်ထဲ၌ စတေးလာခဲ့ရသူများပင်ဖြစ်သည်။

မည်သောအခါမှ အကြမ်းဖက်သည့် နည်းလမ်းကိုမသုံးခဲ့သော ကျောင်းသားခေါင်းဆောင်များအား ယခုကဲ့သို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် လုံးဝမတရားသော၊ လူသားချင်းမစာနာသော၊ ဒီမိုကရေစီစံနစ်ပေါ်ပေါက်ရေးကို မရှေ့ရှုသော လုပ်ရပ်ပင်ဖြစ်ပြီး စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေမည့် နည်းလမ်းသက်သက်ကို ဦးတည်လုပ်ဆောင်နေခြင်းဖြစ်သည်ဟု မိမိတို့ ရခိုင်အမျိုးသမီးများ အစည်းအရုံးမှ အတိအလင်းယုံကြည်သည်။

သို့ဖြစ်၍ နအဖ၏လုပ်ရပ်ကို မိမိတို့ရခိုင်အမျိုးသမီးများအစည်းအရုံးမှ ပြင်းထန်စွာရှုတ်ချပါကြောင်းနှင့် ထိုကျောင်းသားများအား အမြန်ဆုံး ချွင်းချက်မရှိ ပြန်လွှတ်ပေးရန်တောင်းဆိုလိုက်သည်။

ဗဟိုကော်မီတီ
ရခိုင်အမျိုးသမီးများအစည်းအရုံး
ရခိုင်ပြည်

ရက်စွဲ- ၂၈-၉-၂၀၀၆

ဆက်သွယ်ရန် – ၈၈၀-၂-၉၀ ၁၃၄ ၃၅
လက်ကိုင်ဖုံး – ၈၈၀- ၁၈၉ ၄၂၆၁၅၃